ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂) သင်တန်း

(၂၀၂၀)ပြည့်နှစ်

## နှလုံးနှင့် နှလုံးသွေးကြောရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်မှုလုပ်ငန်း(PEN Approach)

## ၆ ။ Streptococcal ရောဂါပိုးကြောင့်ဖြစ်သော လည်ချောင်းနာခြင်း၊ အာသီးရောင်ခြင်း ကုသနည်းလမ်းညွှန် (၃၀) မိနစ်

# (၁) ရောဂါလက္ခဏာများ (Symptoms of Streptococcal Pharyngitis)

- အဖျားတက်ခြင်း၊
- လည်ချောင်းနာခြင်း၊
- အာသီးရောင်ခြင်း၊
- လည်ပင်းရှိ ပြန်ရည်ကြောဖုများ ကြီးလာခြင်း။

## (၂) ကုသခြင်း (Streptococcal  ရောဂါပိုးကြောင့် ဖြစ်သော လေးဘက်နာရောဂါ ဖြစ်ပွားမှုမှ ကာကွယ်ခြင်း)

- ကလေး (အသက် ၅နှစ် မှ ၁၂နှစ်အတွင်း) Penicillin V (၂၅၀) မီလီဂရမ် သောက်ဆေးကို တစ်ရက်လျှင် ၃ ကြိမ် (၈ နာရီခြားတစ်ခါ) ၁၀ရက်သောက်ရပါမည်။
- လူကြီး (အသက် ၁၂နှစ် အထက်) Penicillin V  ၅၀၀ မီလီဂရမ် သောက်ဆေးကို တစ်ရက်လျှင် ၃ ကြိမ် (၈ နာရီခြား တစ်ခါ) ၁၀ ရက် သောက်ရပါမည်။
- Penicillin V နှင့် ဓာတ်မတည့်ခြင်း (ယားယံခြင်း၊ အနီကွက်ထွက်ခြင်း၊ အသက်ရှူကြပ်ခြင်း) ဖြစ်ပေါ်လာပါက (သို့မဟုတ်) Penicillin V နှင့် ဓာတ်မတည့်သည့် ရောဂါရာဇဝင်ရှိပါက Erythromycin ပြောင်းသောက်ရပါမည်။

## (၂) ကုသခြင်း (Streptococcal ရောဂါပိုးကြောင့် ဖြစ်သော လေးဘက်နာရောဂါ ဖြစ်ပွားမှုမှ ကာကွယ်ခြင်း)

- ကလေး (အသက် ၅နှစ် မှ ၁၂နှစ်အတွင်း)

  Erythtromycin ၂၅၀ မီလီဂရမ် သောက်ဆေးကို

  တစ်ရက်လျှင် ၂ ကြိမ် (၁၂ နာရီခြားတစ်ခါ) ၁၀ရက် သောက်ရပါမည်။

- လူကြီး (အသက် ၁၂နှစ်အထက်)

  Erythtromycin ၅၀၀ မီလီဂရမ် သောက်ဆေးကို

  တစ်ရက်လျှင် ၂ ကြိမ် (၁၂နာရီခြားတစ်ခါ) ၁၀ ရက် သောက်ရပါမည်။

| ဆေးအမည် | ပေးရမည့် ဆေးပမာဏ | ဆေးပေးရမည့် အကြိမ်ရေနှင့် အချိန်ကာလ |
| --- | --- | --- |
| PEN V | ၂၅၀ mg (ကလေး)<br>၅၀၀ mg (လူကြီး) | တစ်ရက်လျှင် ၃ ကြိမ်<br>(၈နာရီခြား) * ၁၀ရက် |
| Erythromycin | ၂၅၀ mg (ကလေး)<br>၅၀၀ mg (လူကြီး) | တစ်ရက်လျှင် ၂ ကြိမ်<br>(၁၂နာရီခြား) * ၁၀ရက် |

# (၃) တိုက်နယ်ဆရာဝန်ထံသို့ လွှဲပြောင်းပေးသင့်သည့် အခြေအနေများ

ရောဂါလက္ခဏာနှင့်တွဲဖက်၍ အောက်ပါ လက္ခဏာများဖြစ်ပါက Streptococcal ရောဂါပိုး ကြောင့် ဖြစ်သော လေးဘက်နာရောဂါ (သို့မဟုတ်) လေးဘက်နာနှလုံးရောင် ရောဂါဟု သံသယရှိပြီး လွှဲပြောင်းပေးရမည်။

- ရင်တုန်ခြင်း
- အမောဖောက်ခြင်း
- အဆစ်ရောင်ခြင်း
- ကိုယ်ခန္ဓာတွင် အနီဖု၊ အနီကွက်များ ထွက်ခြင်း
- အဖျားကြီးခြင်း

# မကူးစက်ရောဂါများကို ပူးပေါင်းကာကွယ်ထိန်းချုပ်ကြပါစို့




## ကျေးဇူးတင်ပါတယ်